UNHCR
The UN Refugee Agency

# THAILAND

31 May – 16 June 2016

# MEDIA MONITORING REPORT # 149

## ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေး

### အစိုးရမှ NCA လက်မှတ်မထိုးသည့်အဖွဲ့များအားနိုင်ငံရေးမူဘောင်ဆွေးနွေးပွဲတွင်ပါဝင်ရန်ဖိတ်ကြား

The Global New Light of Myanmar, 3 June 2016

အမျိုးသားဒီမိုကရေစီအဖွဲ့ဦးဆောင်သည့်NLDအစိုးရအဖွဲ့သည် ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းစဉ်များတွင် အဖွဲ့အားလုံးပါဝင်ကြရန် လမ်းဖွင့်ပေးလိုက်သည်၊ လာမည့် ငြိမ်းချမ်းရေးမူဘောင်ဆွေးနွေးပွဲတွင် ပါဝင်နိုင်ရန်အတွက် NCA လက်မှတ်မထိုးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ဖိတ်ကြားလိုက်သည်။



ယမန်နေ့က ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် နိုင်ငံရေးဆွေးနွေးညှိနှိုင်းမှုအတွက် ညီညွတ်သောတိုင်းရင်းသား လူမျိုးများ ဖက်ဒရယ်ကောင်စီ( UNFC) ၏ ငြိမ်းချမ်းရေးဆွေးနွေးမှု ကိုယ်စားလှယ်များ(DPN) ဖြင့် ဦးစွာကျင်းပသည့် အစည်းအဝေး အတွင်းတွင် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ နှင့် ၂၁ရာစု ပင်လုံညီလာခံ ကျင်းပရန်အတွက် အကြိုပြင်ဆင်ရေး ဆပ်ကော်မတီ- ( ၂) ၏ ဥက္ကဋ္ဌဖြစ်သူ အစိုးရ၏ ငြိမ်းချမ်းရေး ညှိနှိုင်း ဆွေးနွေးသူတစ်ဦးလည်းဖြစ်သူ ဒေါက်တာတင်မျိုးဝင်းသည် NCA လက်မှတ်မထိုးသည့် အဖွဲ့များ၏ ခေါင်းဆောင်များအား နောက်တစ်ပတ်တွင် ကျင်းပမည့် နိုင်ငံရေးမူဘောင်ဆွေးနွေးခြင်း အစည်းအဝေးသို့ တက်ရောက်ရန် တရားဝင် ဖိတ်ကြားခဲ့သည်။

အစည်းအဝေးအတွင်း NCA လက်မှတ်မထိုးသည့် အဖွဲ့များမှ ငြိမ်းချမ်းရေးညီလာခံတွင် ပါဝင်နိုင်ရေးနှင့်ပတ်သတ်သည့်ကိစ္စများ၊ ၎င်းတို့အား ပါဝင်ခွင့်ပြုမည့် စည်းကမ်းသတ်မှတ်ချက်များနှင့်ပတ်သတ်သည့်ကိစ္စများ စသည်တို့ကို ဆွေးနွေးခဲ့သည်။ နိုင်ငံရေးမူဘောင်ကို ၎င်းတို့မှ ပြန်လည်သုံးသပ်မည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

ဆပ်ကော်မတီ(၂) သည် ချင်းမိုင်သို့ ကြာသာပတေးနေ့တွင် ရောက်ရှိလာခဲ့ပြီး ရှမ်းပြည်နယ်ပြန်လည်ထူထောင်ရေးပါတီ( RCSS/SSA) နှင့် သီးခြားတွေ့ဆုံခဲ့သည်။

**Link:** http://globalnewlightofmyanmar.com/a-place-at-the-table-govt-invites-non-signatories-of-nca-to-join-political-dialogue-framework-meeting/

### (၂၁ရာစု ပင်လုံညီလာခံ)ကြိုတင်ပြင်ဆင်ရေးအတွက် ကော်မတီနှင့် ဆပ်ကော်မတီခွဲများ ဖွဲ့စည်း

The Global New Light of Myanmar, 1 June 2016

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ရာစုပင်လုံညီလာခံ)ကျင်းပရန်အတွက် အကြိုပြင်ဆင်ရေးကော်မတီနှင့် ဆပ်ကော်မတီခွဲများ ဖွဲ့စည်းလိုက်ခြင်းကို သမ္မတရုံးမှ မေလ ၃၁ရက်၊ ၂၀၁၆ခုနှစ်ရက်စွဲဖြင့် ကြေငြာစာအမှတ် ၂၆/၂၀၁၆ ကိုယမန်နေ့က ထုတ်ပြန်လိုက်သည်။

အကြိုပြင်ဆင်ရေးကော်မတီကို ဥက္ကဋ္ဌအဖြစ် ငြိမ်းချမ်းရေးဆွေးနွေးညှိနှိုင်းသူဒေါက်တာတင်မျိုးဝင်း၊ ဒု-ဥက္ကဋ္ဌအဖြစ် နိုင်ငံတော်အတိုင်ပင်ခံရုံး ပြည်ထောင်စုဝန်ကြီးဦးကျော်တင်၊ အတွင်းရေးမှူးအဖြစ် မြန်မာ့ငြိမ်းချမ်းရေးစင်တာ၏ အထူးအကြံပေးဖြစ်သူ ဦးလှမောင်ရွှေနှင့် အဖွဲ့ဝင်(၁၃)ဦးတို့ဖြင့် ဖွဲ့စည်းလိုက်သည်။

အကြိုပြင်ဆင်ရေးကော်မတီ၏ တာဝန်မှာပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ရာစုပင်လုံညီလာခံ)၌ အဖွဲ့အားလုံး ပါဝင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရန်နှင့် ညီလာခံကို အောင်မြင်စွာကျင်းပနိုင်ရန်ဖြစ်သည်။

ဆပ်ကော်မတီခွဲ- ၁ ၏ တာဝန်မှာ တစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးစာချုပ်(NCA) လက်မှတ်ရေးထိုးသူများနှင့် ဆွေးနွေးပွဲကျင်းပရန်ဖြစ်ပြီး ကော်မတီခွဲတွင် ဥက္ကဋ္ဌအဖြစ် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒု-ဥက္ကဋ္ဌအဖြစ်ဖဒိုစောကွယ်ထူးဝင်း၊ အတွင်းရေးမှူး(၁)အဖြစ် ဒေါက်တာဆလိုင်းလျန်မှုန်ဆာခေါင်းနှင့် အတွင်းရေးမှူး(၂)အဖြစ် ဒေါက်တာမင်းဇော်ဦး တို့ပါဝင်သည်။

ဆပ်ကော်မတီခွဲ- ၂၏ တာဝန်မှာNCA လက်မှတ်မထိုးထားသည့်အဖွဲ့များနှင့် ဆွေးနွေးပွဲကျင်းပရန်ဖြစ်ပြီး ဥက္ကဋ္ဌအဖြစ် ဒေါက်တာတင်မျိုးဝင်း၊ အတွင်းရေးမှူးအဖြစ် ဦးလှမောင်ရွှေနှင့် အဖွဲ့ဝင်(၇)ဦးတို့ပါဝင်သည်။

**Link**: https://issuu.com/myanmarnewspaper/docs/1_june16_gnlm

## UNFC ကိုယ်စားလှယ်များ UPDJC ခေါင်းဆောင်များနှင့်တွေ့ဆုံမည်

Burma News International, 8 June 2016

ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ(UNFC)မှ ကိုယ်စားလှယ်များသည် ၂၁ရာစုပင်လုံညီလာခံအတွက် လိုအပ်သောအသေးစိတ်ဆွေးနွေးမှုများကို ပြုလုပ်ရန် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီမှ ခေါင်းဆောင်များနှင့် ဇွန်လအကုန်ပိုင်းတွင်တွေ့ဆုံမည်ဖြစ်သည်။




"အစိုးရကိုယ်စားလှယ်နဲ့ DPN ပြုလုပ်တဲ့အစည်းအဝေးက ရရှိလာတဲ့အချက်တွေက ကောင်းပါတယ်။ဒါပေမယ့် ကျွန်တော်တို့ မရှင်းလင်းတဲ့အချက်တွေ အများကြီးကျန်နေပါသေးတယ်။ အစိုးရသစ်က အထူးသဖြင့် ဒါတွေနဲ့ပတ်သတ်ပြီး တိတိကျကျမပြောဆိုနိုင်သေးပါဘူး။ဒါကြောင့် ကျွန်တော်တို့ကိုယ်စားလှယ်တွေက ပြည်တွင်းကိုသွားရောက်ပြီး UPDJCအဖွဲ့ဝင်တွေနဲ့ တရားဝင်သွားရောက်တွေ့ဆုံဖို့ သဘောတူကြတယ် " ဟု မွန်ပြည်သစ်ပါတီမှ နိုင်ထောမွန်က MNAနှင့် သီးသန့်တွေ့ဆုံမေးမြန်းရာတွင် ပြောခဲ့သည်။

UNFCအဖွဲ့ဝင်(၉)ဖွဲ့သည် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးစာချုပ်(NCA)ကို လက်မှတ်မရေးထိုးသေးပေ။ထို့ပြင်"ဝ" သွေးစည်းညီညွတ်ရေးပါတီ၊ နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီကပ်ပလန်တန်(NSCN-K)၊ ရက္ခိုင်တပ်မတော်(AA) စသည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် NCA ကိုလက်မှတ်ရေးထိုးနိုင်ခြင်းမရှိသေးပေ။

**Link:** http://www.bnionline.net/news/mon-state/item/1789-unfc-representatives-meet-with-updjc-leaders.html

**EAO ခေါင်းဆောင်များမှ ၁၉၄၇ခုနှစ် ပင်လုံစာချုပ်မူများအတိုင်း လုပ်ဆောင်ရန် သဘောတူ**

Burma News International, 16 June 2016

ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ဇွန်လ(၇)ရက်နှင့် (၈)ရက်နေ့တွင်ကျင်းပသော အစည်းအဝေးတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ(EAOs)မှ ရှမ်းနှင့်ကချင်ခေါင်းဆောင်များသည် ၁၉၄၇ပင်လုံစာချုပ်မူများအတိုင်း လုပ်ဆောင်ရန် သဘောတူညီခဲ့ကြသည်။



ဇွန်လ(၇)ရက်နေ့အစည်းအဝေးတွင် EAOခေါင်းဆောင်များသည် ၁၉၄၇ခုနှစ် ပင်လုံညီလာခံ၌ ဆွေးနွေးခဲ့သောအကြောင်းကိစ္စရပ်များ၊ ၁၉၄၇ခုနှစ် ပင်လုံစာချုပ်ထဲရှိ အကြောင်းအရာများ၊ ပင်လုံကတိဝတ်များနှင့် ပင်လုံပဋိညာဉ် စသည်တို့နှင့်ပတ်သတ်၍ အာရုံစိုက်ဆွေးနွေးခဲ့ကြသည်ဟုရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)မှ ပြောရေးဆိုခွင့်ရှိသူစိုင်းမန်ကပြောခဲ့သည်။

"နောက်လာမယ့်အစည်းအဝေးကို ကျွန်တော်တို့ဘယ်လိုမျိုး တက်ရောက်မလဲ၊ပြီးတော့ ပြည်သူတွေကိုဘယ်လိုမျိုး ချဉ်းကပ်သွားမလဲဆိုတာတွေကို ကျွန်တော်တို့ဆွေးနွေးခဲ့ပါတယ်။ ၂၁ရာစု ပင်လုံညီလာခံကို ကျွန်တော်တို့ကြိုဆိုပါတယ်၊ ပင်လုံစာချုပ်ကို အခြေခံမူမပျက်ဘဲ ညှိနှိုင်းသွားဖို့ ကျွန်တော်တို့အားလုံး တညီတညွတ်ထဲ ဆုံးဖြတ်ချက်ချခဲ့ပါတယ် " ဟု KIO မှ ဗိုလ်ချုပ်ဂွမ်မော်ကပြောကြားခဲ့သည်။

**Link:** [http://www.bnionline.net/news/network-media-group/item/1825-eao-leaders-agree-to-follow-1947-panglong-agreement-principles.html](http://www.bnionline.net/news/network-media-group/item/1825-eao-leaders-agree-to-follow-1947-panglong-agreement-principles.html)

## တရားဥပဒေနှင့်အုပ်ချုပ်မှု

**ဧည့်စာရင်းတိုင်ကြားခြင်းဥပဒေဖျက်သိမ်းရန်အမျိုးသားလွှတ်တော်မှအတည်ပြု**

The Global New Light of Myanmar, 3 June 2016

၂၀၁၂ခုနှစ်၊ဧည့်စာရင်းတိုင်ကြားခြင်းဆိုင်ရာ ကျေးရွာနှင့်အုပ်ချုပ်ရေးဥပဒေတွေကို ပယ်ဖျက်ဖို့ယမန်နေ့ကအမျိုးသားလွှတ်တော်တွင် အတည်ပြုလိုက်သည်။



အမျိုးသားလွှတ်တော် ဥပဒေရေးရာကော်မတီမှ အဖွဲ့ဝင်ဖြစ်သူ ဦးအောင်ကြည်ညွန့်က သြဇာရှိသည့်အာဏာပိုင်များမှ သံသယရှိသူများကို ထိန်းသိမ်းထားနိုင်သည့် ကိုလိုနီခေတ်ဥပဒေပြုမှုများနှင့်တူညီသည့်ဥပဒေကို လက်ရှိအခြေအနေများနှင့် တစ်ပြေးညီဖြစ်စေရန်အတွက် ဖျက်သိမ်းသင့်ကြောင်း ပြောကြားခဲ့သည်။

ဧည့်စာရင်းတိုင်ကြားခြင်းကို ပယ်ဖျက်ခြင်းဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံအာဏာပိုင်များသည် ရပ်ကွက်နှင့် ကျေးရွာများတွင် ဆိုးသွမ်းသည့်သူများအပေါ် ဆက်လက်စောင့်ကြည့်ရန် လိုအပ်လိမ့်မည်ဟု ရန်ကုန်ရှိ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်မှ အုပ်ချုပ်ရေးမှူးဒေါ်ဝေဝေမြင့်က ပြောခဲ့သည်။

ယမန်နေ့ကအမျိုးသားလွှတ်တော်တွင် အတည်ပြုလိုက်ပြီဖြစ်ပြီး ပြည်သူ့လွှတ်တော်သို့ တင်သွင်းမည်ဖြစ်ကြောင်းသိရှိရသည်။

**Link:** http://globalnewlightofmyanmar.com/amyotha-hluttaw-approves-ward-and-village-tract-administration-bill-removing-guest-registration-requirement/

## စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု

### ကျေးရွာများတွင် ၂၄နာရီ ရေရရှိရန် စိုက်ပျိုးရေးဝန်ကြီးဌာနကတိပေး

Myanmar Times, 31 May 2016

(၂၄)နာရီပတ်လုံး ရေပေးသွင်းခြင်းဖြင့် နိုင်ငံတွင်းရှိ ကျေးရွာတိုင်း ရေရရှိမည့်စီမံချက်ကို အစိုးမှ စတင်လိုက်ပြီဖြစ်သည်။စိုက်ပျိုးရေးဝန်ကြီးဌာနမှ ရေပြတ်လတ်သည့်ကျေးရွာများအတွက် သောက်သုံးရေပေးဝေခြင်းနှင့် ပတ်သတ်၍ နှစ်စဉ် ကျပ်ငွေ(၂၅- ၃၀) ဘီလီယမ်သုံးစွဲကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာမှ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ ဦးခန့်ဇော်က မေလ၂၆ရက်နေ့တွင် မီဒီယာများသို့ပြောကြားခဲ့သည်။



“ရက်၁၀၀စီမံချက်ရဲ့ တစိတ်တပိုင်းအနေနဲ့ ကျေးရွာ(၅၀၀)ကျော်မှာ ကျွန်တော်တို့ ရေတွင်းရေကန်တွေ တူးပေးနေပါတယ်။ ရေတွင်းရေကန်တွေနဲ့ ရေစုတ်စက်တွေကိုလည်း ပြန်လည်ပြုပြင် မွမ်းမံပြင်ဆင်နေပါတယ် ”ဟုငင်းကပြောခဲ့သည်။

လျှပ်စစ်မီးမရောက်ရှိသည့် ကျေးရွာ(၁၈၀၀)အား လျှပ်စစ်မီးပံ့ပိုးပေးရန်အတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှလည်း ၎င်းတို့ဌာနနှင့် အတူလုပ်ကိုင်ဆောင်ရွက်နေကြောင်း ဦးခန့်ဇော်ကပြောကြားခဲ့သည်။

**Link:** http://www.mmtimes.com/index.php/national-news/20593-agriculture-ministry-pledges-to-bring-24-hour-water-supply-tovillages.html

### မြန်မာ၊ စင်ကာပူ ဗီဇာကင်းလွတ်ခွင့် သဘောတူလက်မှတ်ရေးထိုး

The Nation, 7 June 2016

ဒီဇင်ဘာလ(၁)ရက်နေ့မှစတင်၍ မြန်မာနိုင်ငံသားများနှင့် စင်ကာပူနိုင်ငံသားများသည် နှစ်နိုင်ငံတွင်းခရီးသွားလာရာတွင် ဗီဇာလျှောက်ဖို့မလိုတော့ကြောင်း မြန်မာနိုင်ငံ၊နိုင်ငံခြားရေးဝန်ကြီးဌာန(MOFA)က ပြောကြားလိုက်သည်။

ကြေငြာချက်ထဲတွင် အပြန်အလှန်ဗီဇာကင်းလွတ်ခွင့်ကြောင့် မြန်မာနှင့်စင်ကာပူနိုင်ငံသည် ဗီဇာကင်းလွတ်ခွင့်ရက်(၃၀) ရရှိမည်ဖြစ်သည်။ စင်ကာပူဝန်ကြီးချုပ်လီရှန်လွန်းသည် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ယနေ့မွန်းလွဲပိုင်း၌ နိုင်ငံတော်သမ္မတအိမ်တော်တွင် တွေ့ဆုံခဲ့သည်။

တွေ့ဆုံပွဲအပြီးတွင် ဗီဇာကင်းလွတ်ခွင့်သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီး နှစ်နိုင်ငံအကြား သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများရက်( ၃၀) ဗီဇာကင်းလွတ်ခွင့်ဖြင့် အပြန်အလှန်သွားရောက်နိုင်ရေး သဘောတူညီချက်စာချုပ်ကို ဒုတိယဝန်ကြီးဦးကျော်တင်နှင့် မြန်မာနိုင်ငံဆိုင်ရာစင်ကာပူသံအမတ်ကြီး မစ္စတာရောဘတ်ချာတို့က လဲလှယ်ခဲ့ကြသည်။

**Link:** http://www.nationmultimedia.com/breakingnews/Myanmar-Singapore-agree-on-visa-free-travel-30287643.html

## ဂျပန်မှ ချေးငွေယူအက်စ်ဒေါ်လာ(၂၈)သန်း ကူညီမည်

Eleven Myanmar, 4 June 2016

ဂျပန်မှ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများအတွက် ချေးငွေ ယူအက်စ်ဒေါ်လာ(၂၈.၂)သန်း ကူညီမည်ဟု သံရုံး၏ ပြောကြားချက်အရ သိရှိရသည်။

သင်တန်းသားများ ဂျပန်သို့ အလည်အပတ်သွားရန်၊ ခြေခွနာနှင့် လျှာခွနာရောဂါကို ထိန်းချုပ်နိုင်ရန်နှင့် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ပစ္စည်းကိရိယာများ ဝယ်ယူရန် စသည်တို့အတွက် ဂျပန်သံအမတ်ကြီး Tateshi Higuchi နှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်ဖြစ်သူ ဦးထွန်းထွန်းနိုင်တို့သည် အပြန်အလှန် နားလည်မှုစာချွန်လွှာကို သဘောတူလက်မှတ်ရေးထိုးခဲ့သည်။

ယူအက်စ်ဒေါ်လာ(၁)သန်းအား ရှေ့နေများ၊ အသိုင်းအဝိုင်းအတွင်းရှိ လူထုခေါင်းဆောင်များနှင့် တရားဥပဒေစင်တာတွင် တရားဥပဒေဆိုင်ရာ စီမံကိန်းသင်တန်းများပေးရန်နှင့် လူအခွင့်အရေးနှင့် တာဝန်များကိုသင်ကြားပေးရန်အတွက် လျာထားသည်။။

ယူအက်စ်ဒေါ်လာ(၅.၅)သန်းအား လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များအတွက် အသုံးပြုမည် ဖြစ်ပြီး ယူအက်စ်ဒေါ်လာ(၁၃)သန်းအား ခြေခွနာနှင့်လျှာခွနာရောဂါများအတွက် အသုံးပြုမည်ဖြစ်ကာ ယူအက်စ်ဒေါ်လာ(၈.၇)သန်းအား စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးပြုမည်ဖြစ်သည်။

**Link:** http://www.elevenmyanmar.com/business/japan-agrees-us28m-loans

# မြေနှင့် ပစ္စည်းဥစ္စာ

## မွန်ပြည်နယ်တွင် မြေယာပြဿနာအကင်းရှင်းဆုံး (၁၀)ရွာကို အနှစ်( ၃၀) မြေဂရန် ပြုလုပ်ပေးမည်

Mon News Agency, 6 June 2016



မွန်ပြည်နယ်အတွင်းရှိ မြေယာပြဿနာ အကင်းရှင်းဆုံး ကျေးရွာ( ၁၀) ရွာကို အနှစ်( ၃၀) မြေငှားဂရန် ပြုလုပ်ပေးမည်ဟု မွန်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးမှူးဦးစီးဌာနမှ အောင်ဆန်းခန်းမ၌ ရက်( ၁၀၀) လုပ်ငန်းစဉ်စီမံချက်ရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

မွန်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးမှူးဦးစီးဌာနမှ ညွှန်ကြားရေးမှူးဖြစ်သူ ဦးမြင့်သန်းဝင်းက " ကျွန်တော်တို့

ပြည်ထဲရေးဌာနက တစ်မြို့နယ်မှာ တစ်ရွာနှုန်းနဲ့ အနှစ် ( ၃၀) မြေဂရမ်လုပ်ပေးသွားမှာဖြစ်ပါတယ်။ အဲ့ဒီရွာတွေက ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ကျေးရွာမြေစာရင်းပေါက်ဖြစ်ပြီးတော့ မြေယာအရှုပ်အရှင်း ရှင်းလင်းတဲ့ကျေးရွာတွေကို ထုတ်ပေးတာပါ "ဟု မေလ( ၃၁) ရက်နေ့တွင်ကျင်းပသည့် ရက်၁၀၀ လုပ်ငန်းစဉ်စီမံချက်ရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ရက် ၁၀၀ စီမံချက်ပါ အနှစ် ၃၀ မြေငှားဂရမ်ပြုလုပ်ပေးမည့် မွန်ပြည်နယ်ရှိရွာများ မှာကျိုက်ထိုမြို့နယ်- သံတံတားကျေးရွာ၊ ဘီးလင်းမြို့နယ်- အနိုင်းပွန်ကျေးရွာ၊ သထုံမြို့နယ်- ချောင်းဝကျေးရွာ၊ ပေါင်မြို့နယ်- ရေးစုကွက်သစ်ကျေးရွာ၊ မော်လမြိုင်မြို့နယ်- ကော့ခပိုကျေးရွာ၊ ချောင်းဆုံမြို့နယ်- မူးရစ်ကြီးကျေးရွာ၊ ကျိုက်မရောမြို့နယ်- ပေါ်ကျေးရွာ၊ မုဒုံမြို့နယ်- အခွန်ကျေးရွာ၊ သံဖြူဇရပ်မြို့နယ်- ပဒါင်ကျေးရွာနှင့် ရေးမြို့နယ်- နှင်းစုံကျေးရွာတို့ ပါရှိသည်။

**Link:** http://monnews.org/2016/06/07/30-year-land-grant-provided-specific-villages-mon-state/

## သန်းခေါင်စာရင်းနှင့် ရွေးကောက်ပွဲ

### တစ်အိမ်တက်ဆင်း မဲဆန္ဒရှင်စာရင်းကောက်ယူရန် စတင်တော့မည်

The Global New Light of Myanmar, 31 May 2016




လာမည့်ရွေးကောက်ပွဲတွင် မဲစာရင်းများ တိကျမှန်ကန်စွာဖြစ်ရေးအတွက် တနိုင်ငံလုံးအနှံ့ တစ်အိမ်တက်ဆင်းမဲဆန္ဒရှင်စာရင်းကောက်ယူခြင်း အစီအစဉ်များ စတင်တော့မည်ဟု ရွေးကောက်ပွဲကော်မရှင်( UEC) မှပြည်သူ့လွှတ်တော်တွင် ယမန်နေ့က ကြေငြာခဲ့သည်။

UEC အဖွဲ့ဝင်တစ်ဦး၏ ပြောကြားချက်အရ မဲဆန္ဒရှင်စာရင်း တိုးတက်ကောင်းမွန်လာစေရန်အတွက် ရွေ့ပြေးစမ်းသပ်စီမံကိန်းကို ယခုလဇွန်လ၌ ရန်ကုန်တိုင်းဒေသကြီးရှိ ကျောက်တံတားမြို့နယ်တွင် စတင်ဆောင်ရွက်မည်ဖြစ်ပြီး တစ်နိုင်ငံလုံးအနှံ့ မဲဆန္ဒရှင်စာရင်းပြုစုခြင်းလုပ်ငန်းစဉ်ကို နိုင်ငံရေးပါတီများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းလုပ်ဆောင်မည်ဖြစ်သည်။

တစ်နိုင်ငံလုံးအနှံ့ မဲဆန္ဒရှင်စာရင်းပြုစုခြင်းလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ကြရန်အတွက် ကြေငြာပိုစတာကမ်ပိန်းများနှင့် ရေဒီယိုနှင့်ရုပ်မြင်သံကြားများတွင် မဲဆန္ဒရှင်အသိပညာပေးအစီအစဉ်များကို စတင်ပြုလုပ်သွားရန်လည်း UEC မှစီစဉ်နေသည်။

ပြီးခဲ့သည့် အထွေထွေရွေးကောက်ပွဲတွင် ပြုစုထားသည့် မဲဆန္ဒရှင်စာရင်း၌ မဲထည့်ရန် သတ်မှတ်ချက်နှင့်ပြည့်မီသည့် မဲဆန္ဒရှင်(၂၃)သန်းကျော်ရှိသည်။

**Link:** https://issuu.com/myanmarnewspaper/docs/31_may_16_gnlm

## အခြား

### ကျောင်းတက်ချိန် ကရင်ဝတ်စုံဝတ်ဆင်သည့်နေ့ အစိုးရထံမှ ခွင့်ပြုချက်ရရှိရန် ကျောင်းတာဝန်ရှိသူများလိုလား

Burma News International, 8 June 2016

ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ ဝင်းရော်ဒေသမှ ကျောင်းတာဝန်ရှိသူများသည် ၎င်းတို့စာသင်ကျောင်းတွင် ကရင်ရိုးရာဝတ်စုံဝတ်ဆင်ရမည့်နေ့တွင် ကျောင်းသားများ တရားဝင်ဝတ်ဆင်ခွင့်ရရှိရန်အတွက် အစိုးရထံမှ တရားဝင်ခွင့်ပြုချက်ရရှိရန် လိုလားကြသည်။



ဝင်းရဲမြို့နယ်ရှိ ကရင်အမျိုးသားအစည်းအရုံးပညာရေးဌာန ဝင်းရော်ဒေသ ဖားပြုရွာမှ ကျောင်းဆရာတစ်ဦးဖြစ်သူ စောမိုးအောင်က ဒေသရှိကျောင်းသားများသည် တနင်္လာနေ့နှင့်သောကြာနေ့တွင် ရိုးရာဝတ်စုံကို ဝတ်ဆင်ရမည်ဖြစ်ကြောင်း ပြောခဲ့သည်။

တနင်္လာနေ့နှင့် သောကြာနေ့များတွင် ကျောင်းသားများ ရိုးရာဝတ်စုံဝတ်ဆင်ကြသော်လည်း ကျောင်းသားများကို ကရင်ရိုးရာဝတ်စုံဝတ်ဆင်ရန် အစိုးရထံမှ တရားဝင်ခွင့်ပြုချက် လက်ခံရရှိမှု မရှိသေးသောကြောင့် ဆရာများအနေဖြင့် အခက်အခဲဖိစီးမှုရှိခဲ့သည်။

ယမန်နှစ်ကတည်းကပင် ဝင်းရော်ဒေသ ကရင်ကျေးရွာရှိ အစိုးရစာသင်ကျောင်းများ၌ သတ်မှတ်ထားသည့်နေ့များတွင် ကရင်ရိုးရာဝတ်စုံ ဝင်ဆင်နေကြပြီဖြစ်ပြီး ရှမ်းနှင့်မွန်ပြည်နယ်ရှိ အခြားအစိုးရ စာသင်ကျောင်းများတွင်လည်းသတ်မှတ်ထားသည့်နေ့များတွင်၎င်းတို့၏ရိုးရာဝတ်စုံကိုဝတ်ဆင်နေခဲ့ကြပြီဖြစ်သည်။

**Link:** http://www.bnionline.net/news/karen-state/item/1791-teachers-ask-government-to-allow-students-to-wear-traditional-karen-dress.html

The content of the UNHCR Thailand Media Monitoring Reports does not reflect the official view or opinion of the UNHCR.

**Links:** Thailand-Myanmar Cross Border Web Portal: www.commonservice.info
Facebook: www.facebook.com/commonservice
www.facebook.com/commonserviceburmese
www.facebook.com/commonservicekaren